## 2 ကိုယ်ပိုင်အိမ်

ကိုယ်ပိုင်အိမ်ဆိုသည်မှာ အငှားမဟုတ်ပဲ မိမိပိုင်ဆိုင်သောအိမ်ကိုခေါ်သည်။ ဤတွင် အိမ်ဝယ်ယူပုံနည်းလမ်း၊ အိမ်ဆောက်ရာတွင် သတိပြုရမည့်အချက်များကို မိတ်ဆက်ပေးပါမည်။

### 2-1 ရယူပုံနည်းလမ်းများနှင့် လုပ်ငန်းစဉ်များ

ကိုယ်ပိုင်အိမ်ကို ရယူပိုင်ဆိုင်ရန်အတွက် ဆိုလျှင် အိမ်ခြံမြေအကျိုးဆောင်များကို အသုံးပြုလေ့ရှိသည်။ အိမ်ကို ရွေးချယ်ခြင်း၊ ဝယ်ယူခြင်းကို ဆုံးဖြတ်ချက်ချပြီးနောက် အရေးကြီးအချက်အလက်များကို သိရှိပြီးလျှင် "အိမ်ခြံမြေအကျိုးဆောင်အရောင်းအဝယ်စာချုပ်" ကိုချုပ်ဆိုပြီး စရန်ငွေပေးအပ်ပြီး အိမ်ဝယ်ယူသူ အများစုသည် အိမ်ဝယ်ရန်အတွက် ချေးငွေကို လျှောက်လေ့ရှိသည်။ ၎င်းနောက် အိမ်ပိုင်ဆိုင်ခွင့်သည် ဝယ်ယူသူထံ လွှဲပြောင်းရယူသော လုပ်ငန်းစဉ်နှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းပိုင်ဆိုင်မှုခွန် စသည့်အခွန်လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ရသည်။ လိုအပ်သော လုပ်ဆောင်ရန်များကို အိမ်ခြံမြေ အကျိုးဆောင်မှ အခကြေးငွေဖြင့် မိမိကိုယ်စား လုပ်ဆောင်ပေးလေ့ရှိသဖြင့် ဆွေးနွေးတိုင်ပင်သင့်သည်။

### 2-2 အိမ်ဆောက်လုပ်ချိန်တွင် သတိပြုရမည့်အချက်များ

ဂျပန်နိုင်ငံတွင် အဆောက်အဦဆောက်လုပ်ရာတွင် "အဆောက်အဦ စံချိန်စံညွှန်းဥပဒေ" ဟုခေါ်သော ဥပဒေနှင့် လိုက်လျောညီထွေစွာ အစီအစဉ်တကျ လိုက်နာဆောင်ရွက်ရသည်။ မြေအကျယ်အဝန်းပေါ်မူတည်၍ အဆောက်အဦ၏ အရွယ်အစား အကြီးအသေး၊ အမြင့်အနိမ့် စသည့်သတ်မှတ်ချက်များ အမျိုးမျိုးရှိပြီး မြို့နယ်ရုံး၏ ခွင့်ပြုချက်မရရှိလျှင် ဆောက်လုပ်ခွင့်မရှိပါ။ အသေးစိတ်ကို မြို့နယ်ရုံးများ၏ အဆောက်အဦစီမံခန့်ခွဲမှုဌာန စသည်တို့၏ တာဝန်ခံများနှင့် ဆွေးနွေးတိုင်ပင်ပါ။